# ရေ ပြည့်လဲ ရှေ့ဆက်မြဲ

ခြောက်ဆယ့်ရှစ်နှစ်ပြည့်၊ လျှောက်ခဲ့သည့်လမ်းလဲ

ခရီးကြမ်းဆဲမို့၊ မညည်းတမ်းအမြဲ





ဖွဲ့အားသန်သန်ဖြင့်၊ နိုင်ငံနှင့်ပြည်သူ

စည်ပင်ဝပြောလျက်၊ အကျိုးဆက်များရန်

အားမာန်အပြည့်နှင့်၊ ရွှေ့မြင့်အောင်လံထူ

တလူလူလွှင့်တဲ့၊ ပြည်သူရဲ့ဒေါ်စု

ခေါ်ပြုတဲ့လမ်းမှာ၊ မမောပန်းနိုင်လျက်

လှမ်းကိုင်လက်တွဲကာ၊ ဆက်နွဲ့အောင်မြင်ရေး





စိတ်တွင်အမိဋ္ဌာန်၊ ရည်သန်ကာတွေး၍

မွေးနေ့ပဏ္ဏာမွန်၊ စေတနာသွန်လို့

ညွှန်ပို့စာကိုစီ၊ ဒီမိုကိုအဖော်ပြု

"ဒေါ်စု"ကျန်းမာကာ၊ စိတ်ချမ်းသာကြည်မြ

လန်းဖြာညီမျှစွာ၊ အစဉ်ရှိစေကြောင်း





ဆုတောင်းပတ္ထနာ၊ မေတ္တာပို့သလျက်

ဆက်ချီ မြတ်အရေး

"ဟက်ပီဘဒ်ဒေး" ပါ.......

---------

(ငါးလုံးစပ်ကဗျာ)

ကြိုင်လှမောင်မောင်

၂၀၁၃ ဇွန် ၁၉

ကြိုင်လှမောင်မောင်

၂၀၁၃ ဇွန် ၁၉

# မွေးနေ့ ဆုမွန် ၆၇





ပြည်သူခပင်း၊ ကြောက်ရွံ့ခြင်းမှ
လွတ်ကင်းစေရန်၊ ကျင့်ကြံပြခဲ့
မတရားဥပဒေ၊ ပြင်ဆင်စေမှု
တရားဥပဒေ၊ စိုးမိုးစေရေး
လူ့အခွင့်ရေးတွေ၊ ချင့်တွေးပြည့်ဝ
ခံစားရစေ၊ အစဉ်ငြိမ်းချမ်းအောင်
မြော်ယောင်မှန်းရှုရည် .......
ကမ္ဘာ့အလယ်၊ ဆိုရှယ်အစုတွင်
နိုဘယ်ဆုရှင်လို့၊ ပေါ် ပေါ်လွင်လွင်
ထင်ထင်ရှားရှား၊ အများအချစ်ဝင်
ခုံမင်မြတ်နိုး၊ ချစ်မိုးပက်ဖျန်းခံ
ဒေါ်အောင်ဆန်းစုကြည် .......
ဤမွေးနေ့မှသည်၊ ကြံစည်ဆောင်သမျှ
အောင်ရမည်အမှန်၊ ဘေးရန်ကင်းရှင်း
လိုခြင်းဆန္ဒ၊ ပြည့်ဝကြွယ်စွာ
ကျန်းမာ ချမ်းသာ၊ ဝမ်းသာ လန်းဖြာ
စခန်းသာ မှန်းစွာ၊ လှမ်းမကွာ မြန်းကာ
ဖော်ဆောင်စွမ်းပြုအတည် .......






**ကြိုင်လှမောင်မောင်**

**၂၀၁၂-၀၆-၁၉**

# ပန်းသခင် လန်းရွှင် ထာဝစဉ်




ပိတောက်



သဇင်



ကံ့ကော်



စပယ် နှင်းဆီ

လွတ်မြောက်သည်မှ
နေ့စဉ်မပြတ်
အနာဂတ်မြန်မာ
ချမ်းသာကြွယ်ဝ
ဓနဖွံ့ဖြိုး
မျိုးဆက်တွေသန်
တိုးတက်စေရန်
ကြိုးစားကြံဆ
လမ်းစတွေညွှန်
အားသွန်ခွန်စိုက်
ကွန်ယက်အဖြာဖြာ
ဖြန့်ကျက်ကာဖြင့်
အလှ္ဘာအကုန်
လူတန်းစုံတို့
ဉသုံပါဝင်
သာယာစိမ်းလန်း
ငြိမ်းချမ်းနိုင်ငံ
ရှင်သန်ရေးနှင့်
လူ့အခွင့်အရေးပါ
ပြည့်ဝစေကြောင်း
တရားဥပဒေ
စိုးမိုးစေရေး
အလေးပေးရွက်ဆောင်
မွေးနေ့ရှင်က
**စိတ်မနော သဘောကဖြူစင်း ရှင်းသန့်သန့်**
**နှုတ်အပြော ညက်ညောညွှန်ရှင်း ထင်းခန့်ခန့်**
**ကိုယ်အချော တင့်သောမြတ်ခြင်း ဝင်းဖန့်ဖန့်**
ပိတောက် ကံ့ကော်
တော်ဝင်သဇင်
စပယ် နှင်းဆီ
ဝါ နီ ဖြူအလှ
ပန်ဆင်သကာ
ထာဝစဉ်လန်းရွှင်လျက်
သက်တော်ရာကျော် ရှည်စေသော်.......

ကြိုင်လှမောင်မောင်
၂၀၁၁-၀၆-၁၆

# ခြောက်ငါး မွေးနေ့ရှင်



ခြောက်ငါး တိုင်လဲ
မကြောက်တရား
ကိုင်စွဲထားလျက် ။ ။
ခြောက်ငါး ဉာဏ်စီ
ထောက်ထားကြံစည်
မြန်ပြည် ကောင်းစားရေးအတွက် ။ ။




ခြောက်ငါး မွေးနေ့
မြောက်မြားအတွေးပြည့်
ရှေ့ရေးနိုင်ငံ ပြုပြင်စံရှားဘို့ ။ ။
ခြောက်ငါး အထီးကျန်
အနှောင့်အမှား အပြီးနှံ
မမှန်စံနစ် အမြစ်မကျန်
တွန်းလှန်ပစ်လို့ ။ ။




ခြောက်ငါး အလွှန်
စောင့်စားတံခွန်
စံမွန် ဒီမိုကရေစီ
ပြည်တခိုဝေစည်
ပြည့်စေသား ။ ။
ခြောက်ငါးမှသည်
လျှောက်သွားရမည်
ပွားစည် ရာကျော်
သာလွှန်နှစ်မွန်များ ။ ။



**ကြိုင်လှမောင်မောင်**
**၂၀၁၀၀၆၁၉**

# အဖော်မပဲ့ မွေးနေ့ရှင်



အကျဉ်းစံဘဝနဲ့ အညှဉ်းခံရလဲ

ဂန်းရုံကြမြဲ ကမ္ဘာ့ပြည်သူ

ရည်တူ ကြည်ဖြူ ထောက်ခံထားလျက်

အမှန်တရားအတွက် စံထားလောက်တယ်

ကြောက်ဘွယ်မတွေး သွေးမပျက်အတည်

ခြောက်ဆယ်လေး မွေးရက်သည်

သက်ရှည် ဘယာဘေးဂေးကျော်အခု

အခက်စည်ဖြာ အေးပျော်မှု

တက်ညီစွာတွေး မြော်ရှု

ဟက်ပီဘာသ်ဒေး "ဒေါ်စု"





ကြိုင်လှမောင်မောင်
၂၀၀၉၀၆၁၉

# တောင်းဆုမွန် ၁၉ ဇွန်



ကြောက်ရွံ့ခြင်းမှ
လွတ်ကင်းစေရန် ရည်စိတ်သန်ထား
ဖိနှိပ်ခံ အများပြည်သူ
မခြားကြည်ဖြူ အေးအတူ ပူအမျှ
အလေးမူ အယူအဆ
ဖေးကူ အတူတကွ ။ ။
အဖေတူသမီး
အခြေမူ ယူပြီး
တုမငြီး ပြည်သူ့ အချစ်တော်
ညီမျှအစစ်ဖော် တိုင်းရင်းသားအား
ယိုင်းပင်းစွမ်းပကား မှန်းထားပြည်စိုပြေစည်
ဒီမိုကရေစီ လူ့ဘောင်ဘ၀ ။ ။
မှန်တာကိုလုပ်
ဟုတ်တာကိုပြော
သဘောဖြောင့်ဘိ
စောင့်သိသစ္စာ
မေတ္တာကရုဏာတည်
သစ္စာဝါဒီ
အာဇာနည်မျိုးဆက်
တိုးတက်အမြင်ကြည်
ရိုးချက်အစဉ်တည် ။ ။
ကိုယ်ကျိုးနဲ့ ပါဝါမှန်းမတွက်
အာဏာငမ်းငမ်းတက်သူတွေကို
သာယာစွာအကြမ်းမဖက်မှုနဲ့ ရင်ဆိုင်
ယှဉ်ပြိုင်ကာ ဒီမိုသောင်ကမ်းအစုဆီ
ဖော်ဆောင်မှန်းရှုရည်
ဒေါ်အောင်ဆန်းစုကြည် ။ ။
သက်ရှည်ကျန်းမာ ဝမ်းသာရွှင်ပြုံး
လန်းဖြာဘဝင်နှလုံး အဟုတ်ဆောင်ကာ
အချုပ်အနှောင်တကာမှ ထာဝရအမှန်
မကြာပအမြန်လွတ်ကင်း
လွတ်လပ်ခြင်းနှင့်ပြည့်စေသော်ဝ်
ထွန်းမြတ်အခင်းနှင့်ပြည့်စေသော်ဝ်......



ကြိုင်လှမောင်မောင်
၂၀၀၆-၀၆-၁၇

# ပုလဲရတုတိုင်ပြီမို့ . အမြဲ စု နိုင်မည်ဗျို့.




ငွေရတုမှ ရွှေရတုလွန်
ဖြူစင်မွန်မြတ် ဘဝဇာတ်ကို
သတ္တိဖွဲ့ဖြင့် အောင်ပွဲခြိမ့်သဲ
အနိုင်နွဲ့လျက် ပုလဲရတု တိုင်ခဲ့ပြီ

ဖွေးဥဖြူခြယ် ဂုဏ်အင်ကြွယ်တဲ့
စင်ကြယ်အမြဲ ပုလဲရတုမြောက်
နှစ်ခြောက်ဆယ်ပြည့် မွေးနေ့ ရောက်သော်
ပျော်ရွှင်ချမ်းမြေ့ လန်းမွေ့ ကြည်လင်
မင်္ဂလာအပေါင်း
ခညောင်းဝပ်တွား ရှိစေသား

သောကမြိုင် က လောဘလှိုင်ထ
ပြောမနိုင် ဆိုမရ "ငို့ ဘ" လွန် မ သား
အဘိဇ္ဈာပွါးပို မို္ဆစာများကို
စိတ်ထားခံ့ညား ဝံ့ဝံ့ရဲရဲ
အနိုင်နွဲ့လျက် မှန်းချက် ဒီမို
စခန်းထက်ဆီကို
လှမ်းတက်ညီ အမြန် ရောက်စေသား

ကြောက်ရွံ့ ခြင်းနှင့် နောက်တွန့် ခြင်းများ
ဖယ်ရှင်းသွားကာ အများတကာဆန္ဒ
ပြည့်ဝစေရည် လွတ်လပ်မည်မလွဲ
ပျော်ပွဲပေါင်းပင် ပြည့်ပီပြင်
တက်ညီစွာတွေး မြော်ရှု
ဟက်ပီဘာသ်ဒေး ဒေါ်စု
"စု" သည် ကိုယ်စားပြု လူထု
ပုလဲရတုတိုင်ပြီမို့ အမြဲ "စု" နိုင်မည်ဗျို့

ကိုျင်လှမောင်မောင်
၂၀၀၅-၀၆-၁၉